SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS &YOUTH CONGRESS OF BURMA
Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# ကမ္ဘာ့ဒီမိုကရေစီ လူငယ်များနေ့အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

ယနေ့သည် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့ ဖြစ်ပါသည်။ ကျောင်းသားလူငယ် များ၏ ဒီမိုကရက်တစ် အတွေးအခေါ်ပိုင်းဆိုင်ရာဗဟုသုတများ၊ လူငယ်အစုအဖွဲ့များ အချင်းချင်း ပူးပေါင်းလုပ်ဆောင်မှုများကို တိုးမြင့်လာစေရန်နှင့် ခက်ခဲသော နိုင်ငံရေး အခြေအနေများကို ရင်ဆိုင်ဖြေရှင်းပြီး တိုးတက်ဖွံ့ဖြိုးလာစေရန် နိုင်ငံတကာ စုစည်း ညီညွတ်မှု ကွန်ယက်များမှ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီရေးရာများသည် လူငယ်များအပေါ်တွင်ပါတ်သက်ဆက်နွယ်နေပြီး အဖွဲ့အစည်း များ၏ ဖွံ့ဖြိုး တိုးတက်မှုသည်လည်း လူငယ်လှုပ်ရှားမှုများအပေါ်တွင် တိုက်ရိုက် သက်ဆိုင် နေပါသည်။ ဤနေ့ အခါ သမယ တွင် တကမ္ဘာလုံးမှ လူငယ်ကျောင်းသားများ သည် ဒီမိုကရေစီရေးအတွက်လှုပ်ရှားရင်း ဘေးဒုက္ခမျိုးစုံ ကြုံတွေ့ နေသော လူငယ် ကျောင်းသားများအတွက် စိတ်ဓါတ်ခွန်အားများရရှိစေရန် မိမိတို့၏ စုဝေးဆွေးနွေး တိုင်ပင်မှုများမှတဆင့် သွေးစည်းညီညွတ်မှုကိုပြသရန်ရည်ရွယ်၍ နှစ်စဉ် ဂုဏ်ပြု ကျင်းပ လေ့ရှိပါသည်။

ထို့အတူ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီရေးလှုပ်ရှားနေသော ကျောင်းသားလူငယ် များမှာလည်း နိုင်ငံရေး အလှည့်အပြောင်းတွင် ခက်ခဲကြမ်းတမ်းစွာဖြင့် ကျော်ဖြတ် နေကြရပါသည်။ တပြိုင်နက်ထဲမှာပင် မြန်မာ အစိုးရမှ အသွင်ကူးပြောင်းရေးကာလ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကို ဖော်ဆောင်နေသော်လည်း တိုင်းရင်းသား လူမျိုးစုတို့၏ ဘဝမှာ ပိုမိုကြမ်းတမ်းခက်ခဲသော ဆင်းရဲဒုက္ခများသာမကပဲ လူ့အခွင့်အရေး ချိုးဖောက်မှု မျိုးစုံကိုလည်း ခံစားနေကြရပါသည်။ ထို့ကြောင့် ယနေ့ ကျရောက်သော ကမ္ဘာ့ဒီမိုကရေစီ လူငယ်များ နေ့တွင် လက်ရှိအစိုးရထံ အောက်ပါအချက် (၅) ချက်ကို ထုတ်ပြန် တောင်းဆိုလိုက်ပါသည်။

၁။ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့်အမျိုးသားတန်းတူရေးအတွက် တိုက်ပွဲဝင် နေကြသော ကျောင်းသား လူငယ်များ၊ တက်ကြွလှုပ်ရှားသူများအား နောင့်ယှက်ဖမ်းဆီး နှိပ်စက်အရေးယူမှုများကို ချက်ချင်းရပ်တန့်ရန်။
၂။ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုအတွက် ဖမ်းဆီးခံနေရသော လူငယ်ကျောင်းသားများ အပါအဝင် နိုင်ငံရေး အကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရန်။
၃။ စစ်ဘေးဒဏ် နှင့် သဘာဝဘေးဒဏ်များကြောင့် အတိဒုက္ခရောက်နေသော တိုင်းရင်းသား ပြည်သူများ နှင့် လူငယ်ကျောင်းသားများအား ပုံမှန်ဘဝ ပြန်လည်ထူထောင်နိုင်ရေး နှင့် ပညာဆက်လက် သင်ကြားနိုင်ရေး အတွက် လိုအပ်သည့် ထောက်ပံ့ ကူညီမှုများကို ထိရောက်စွာ ဆောင်ရွက်ပေးရန်။
၄။ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် အမျိုးသားတန်းတူရေးများကို အာမခံ မှုမပေးနိုင်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းပြီး စစ်မှန်သည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင် နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်ထွန်းလာရေးအတွက် စိတ်သဘောထားမှန်ကန်စွာဖြင့် ဆောင်ရွက် ရန်။
၅။တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင် ရေးထိုး လာနိုင်သည်အထိ ဆက်လက်လုပ်ဆောင်ရန်နှင့် တစ်ပြိုင်နက် ထဲတွင်လည်း ထိုးစစ်ဆင် တိုက်ခိုက်မှုများ ကိုရပ်တန့်ပြီး စစ်မှန်သောငြိမ်းချမ်းရေးကို ဖော်ဆောင် ရန် ထုတ်ပြန်အပ်ပါသည်။

**"စစ်မှန်သောငြိမ်းချမ်းရေး ဖေါ်ဆောင်မှုများမှသည် ဖက်ဒရယ်ဒီမိုကရက်တစ် နိုင်ငံတော်သစ်ကြီးဆီသို့"**

နေ့စွဲ - အောက်တိုဘာလ (၁၈) ရက်၊ ၂၀၁၅ ခုနှစ်။
မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(SYCB)